# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ၂၀ ရက်မြောက်နေ့အစီအစဉ်
# [ ၂၇-၂-၂၀၁၃ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သိန်း၊ ရွာင် မဲဆန္ဒနယ်၏ **တိုင်းရင်းသားလူမျိုးစု(၁၃၅)မျိုး နှင့် ပတ်သက်၍ မည်သည့်အစိုးရလက်ထက်တွင် စာရင်းပြုစုပြီး ရရှိလာခဲ့သည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝှမ်း ရပ်ကွက် ကျေးရွာအဆင့်အထိ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် လျာထားသည့် အစီအမံများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်မည်ဟူသောကိစ္စနှင့် ရေကာတာမှ ရေပိုလွှဲရေများကို တစ်ဘက်နိုင်ငံသို့ ပို့လွှတ်မည်ဆိုသောကိစ္စများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်ငမန်းရဲကျွန်းအစိုးရတာအား နိုင်ငံတော်ကဆည်ဖို့ပေးခြင်း ရည်ရွယ်ချက်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **ဒေသဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများအရ သိမ်းယူခဲ့သော လယ်ယာမြေများကို လယ်ယာမြေဥပဒေနှင့်အညီ ဖြစ်စေရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဟန်စိန်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **ဥတိုစိုက်ကွင်းကြီးတစ်ခုလုံးကို ဆက်လက်လုပ်ကိုင်ရန် အစီအစဉ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **“ ၂၀၁၂ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **“ ၂၀၁၂ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **“ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ–၁၄) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၉။ **“ မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ–၁၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **“ မတရားအသင်းများ အက်ဥပဒေ(၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ–၁၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်စားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ စက်မှုဝန်ကြီးဌာနက တင်သွင်းသော **“ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။